မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ( ၂၂ ) ရက်

# ဘဏ်ခွဲအသစ် ဖွင့်လှစ်ခြင်းအား အသိပေးပန်ကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၄၃) ခုမြောက် ဘဏ်ခွဲဖြစ်သော ခရမ်းဘဏ်ခွဲအား (၂၈-၈-၂၀၁၉) ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ်ခွဲဖွင့်လှစ်ပြီး၊ ဖွင့်လှစ်နေ့မှစပြီး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေငြာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အမှတ်-(၁၆၃)၊ ကျောက်တိုင်လမ်း၊ (၃) ရပ်ကွက်၊ ခရမ်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၂။ ယင်းဘဏ်ခွဲသည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း (၁၁) ခုမြောက် ဖွင့်လှစ်သောဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ရန်ကုန်ဒေသကြီးတွင် (၁၄) ခုမြောက် ဖွင့်လှစ်သည့် ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**